မြန်မာ့အလင်း / ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ အင်္ဂါနေ့၊ (8-7-2008) (၅၇၃၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးကို ဆောင်ရွက်ပေးရာတွင် ဦးစွာ မူလအဆင့်ထက်သာလွန်ကောင်းမွန်သော နေအိမ်များကို တည်ဆောက်ပေးလျက်ရှိ

စီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ငန်းများအလိုက် ပြန်လည်လုပ်ကိုင်နိုင်ရေး စီမံပေးနေ မူလထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးထားပြီးဖြစ်၍ အလုပ်ကို ကြိုးစားပမ်းစား ဝီရိယထားလုပ်ကိုင်

ရန်ကုန် ဇူလိုင် ၇

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာလာရာ နံနက် ၇ နာရီ မိနစ် ၅၀ တွင် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များအား နိုင်ငံတော်မှ ပြည်ဝင်ဗီဇာများ ခွင့်ပြုပေးလျက်ရှိ

ပြည်ပနိုင်ငံသား ၁၆၇၀ ဦးအား ဝင်ခွင့်ပြုခဲ့ပြီး ယနေ့အထိ ၇၅၇ ဦးမှာ လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၇

၂၀၀၈ ခုနှစ် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းနှင့်ပတ်သက်၍ လေဘေးသင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန်၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတကာကျွမ်းကျင်သူများ လာရောက်လေ့လာရန်၊ လေဘေးကယ်ဆယ်ရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ လာရောက်ဆောင်ရွက်နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များအား နိုင်ငံတော်မှ ပြည်ဝင်ဗီဇာများ ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ခွင့်ပြုခဲ့သည့်အတွက် မေ ၅ ရက်မှ ဇွန် ၃၀ ရက်အထိ မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်ပြုခဲ့သော ပြည်ပနိုင်ငံသားများမှာ UN, NGO, INGO နှင့် ပုဂ္ဂလိကဝင်ရောက်သူ ၁၀၇၆ ဦး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးအကာအကွယ်ပေးရန် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်သူ ၄၉၈ဦး၊ UN-ASEAN အစည်းအဝေးတက်ရောက်ရန် ဝင်ရောက်သူ ၉၆ ဦးဖြစ်ရာ ဝင်ရောက်သူ စုစုပေါင်း ၁၆၇၀ ဦးဖြစ်သည်။ ၎င်းတို့အနက် လုပ်ငန်းများပြီးစီး၍ ပြန်လည်ထွက်ခွာသွားသူ ၉၁၃ ဦးဖြစ်ပြီး ၇၅၇ ဦးမှာ လေဘေးသင့်ဒေသများ၌ ယနေ့အထိ လုပ်ငန်းများဆက်လက်ဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သရုပ်ပြနေမှု ကြည့်ရှုစစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲတွင် လွှဲပြောင်းပေးအပ်မည့် ဦးချွန်း ပဲ့ချွန်း ငါးဖမ်းစက်လှေအား တိုးမြစ်အတွင်း၌ စမ်းသပ်မောင်းနှင် သရုပ်ပြနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၈-၇-၂၀၀၈
(အင်္ဂါနေ့)

ပြန်လည်ထူထောင်တည်ဆောက်ရေး အရှိန်အဟုန်မြှင့် စေတနာရှင်၊ အလှူရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်

ကမ္ဘာပေါ်ရှိ နေရာဒေသတိုင်းတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လေ့ရှိသည်။ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသည့် သဘာဝဘေးအန္တရာယ်များ၏ ပြင်းထန်ကြီးမားမှုအပေါ် မူတည်ပြီး ဖြစ်ပေါ်ရာ ဒေသရှိ ပြည်သူများ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးခြင်းများ အနည်းနှင့်အများ ကြုံတွေ့ကြရမြဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မေလဆန်းပိုင်းက ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသအချို့၌ ပြည်သူများ အသက်အိုးအိမ် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုအခါ အဆိုပါ လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်။

နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ စေတနာရှင်၊ အလှူရှင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များက မြို့၊ ရွာ ပြန်လည်တည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားချက်လုပ်ငန်းတို့အတွက် ဆောက်လုပ်ရေးပစ္စည်းများနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများကို ဖြည့်ဆည်းကူညီပေးနေသည်ကိုတွေ့ရသည်။

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ဒေသတစ်ခုဖြစ်သည့် လပွတ္တာမြို့နယ် ပြင်စလူမြို့၌ အိုးအိမ်မဲ့ဖြစ်သွားသူများအတွက် နေအိမ်များ ဆောက်လုပ်နေရာချထားပေးလျက်ရှိသည့်အပြင် ဌာနဆိုင်ရာ အဆောက်အအုံများကိုလည်း ပြန်လည်ပြင်ဆင်လုပ်ကိုင်နေသည်။ ဆောက်လုပ်ပြီးနေအိမ်များတွင် ပြန်လည်နေထိုင်လျက်ရှိသော မိသားစုများ ကိုယ်တိုင်စိုက်ပျိုးစားသောက်နိုင်ရန် ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များ၊ စိုက်ပျိုးရေးကိရိယာများ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်းသိရသည်။

အလားတူ ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာ၊ ခုံကြီးကျေးရွာသစ်၊ သင်္ကန်းကုန်းကျေးရွာတို့၌လည်း နေအိမ်များတည်ဆောက်လျက်ရှိသကဲ့သို့ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် မျိုးစပါး၊ လယ်ထွန်စက်များနှင့် ရေလုပ်ငန်းသုံးလှေ၊ ငါးဖမ်းပိုက်စသည်တို့ကို ထောက်ပံ့ဖြန့်ဝေပေးထားသည်။

လေဘေးသင့်ဒေသများကို ပြန်လည်ထူထောင်တည်ဆောက်ရသည့် လုပ်ငန်းပမာဏမှာ ကြီးမားကျယ်ပြန့်လှသော်လည်း နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းစီမံပေးမှု၊ စေတနာရှင်၊ အလှူရှင်၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ မြန်ဆန်စွာ ပြီးစီးအောင်မြင်မည် ဖြစ်ပါသည်။ ။

စိန်စည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၇

ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ၄၈ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာအတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းသုံးလတရားစခန်းပွဲကို (၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ရက်မှ (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၁၄ရက်အထိ စိန်စည်ဆရာတော်ကိုယ်တိုင် တရားပြသမည်ဖြစ်ကြောင်း သိရသည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဝါဆိုလပြည့်နေ့ ဇူလိုင် ၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

လန်ဒန်မြို့မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၇ ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းနေ ဦးခင်မောင်သိန်း-ဒေါ်နုသာ၊ သား ကိုအောင်ခင်ထွန်း မိသားစုကငွေကျပ် ၁၀၀၀၀၀လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဝင်းမြင့် လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဘုန်းတော်ကြီးကျောင်းများသို့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ ရန်ကင်းမြို့နယ် ကျောက်ကုန်းကျောင်းကြီးတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်များအား အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ကောဒသမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ ကျောက်ကုန်းကျောင်းကြီးတိုက် ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တဝိသုဒ္ဓထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီတို့ ကျောက်ကုန်းကျောင်းကြီးတိုက် ပဓာနနာယက မြို့နယ်သံဃနာယက အဖွဲ့ဝင် ဘဒ္ဒန္တဝိသုဒ္ဓထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (စက်မှု-၁)

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့် ဇနီးတို့က ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဇနီးများ၊ ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓက သာဓုအနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီတွင် ဝန်ကြီး ဦးအောင်သောင်း၊ ဇနီးဒေါ်ခင်ခင်ရီတို့အား အမှူးထား၍ ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်ရှိ တိပိဋက မဟာဂန္ထဝင်နိကာယ ကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့်သံဃာတော်များအား အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အဆိုပါ ကျောင်းတိုက်ရှိ တိပိဋကဓမ္မဗိမာန်တော်၌ ကျင်းပရာ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက် ပဓာနနာယကတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးနှင့်ဇနီးတို့က ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဇနီးများ၊ ပရိသတ်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဇူလိုင်၆ရက် နံနက်ပိုင်းတွင် ရန်ကင်း မြို့နယ်ရှိ ကျောက်ကုန်းကြီး ကျောင်းတိုက်မှ သံဃာတော် ၈၃ပါး နှင့် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ တိပိဋက မဟာဂန္ထဝင် နိကာယ် ကျောင်းတိုက်မှ သံဃာတော် ၅၄ပါး တို့အား ရန်ကုန်မြို့ပေါ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများမှ စက်ရုံမှူးများနှင့် ဝန်ထမ်းများက နေ့ဆွမ်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ်၊ ဆရာစံ(မ/န)ရပ်ကွက်၊ အနောက်မြို့ပတ်လမ်းရှိ စတုဘုမ္မိကမဟာသတိပဋ္ဌာန် စာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ စာသင်ကြားလျက်ရှိသော သံဃာတော်များနှင့် ရှင်သာမဏေ၊ ကျောင်းသား ၈၅ ဦးအတွက် တစ်နေ့တာ ဆွမ်းစရိတ် အလှူငွေကျပ် ၁၇၀၀၀၀ ကို 'စိုး' ဂျပန်စာသင်တန်းမှ ဆရာမကြီး ဒေါ်စိုးစိုးအေး၏ မွေးနေ့အလှူအဖြစ် သင်တန်းသား၊ သင်တန်းသူများ ဆရာ၊ ဆရာမများက စုပေါင်း၍ ဆရာတော် ဘဒ္ဒန္တအာဒိစ္စ ထံ ဇူလိုင် ၆ ရက်က ဆက်ကပ်လှူဒါန်းရာ တပည့် ဒါယကာတစ်ဦး လက်ခံယူစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

မော်လမြိုင်ကျွန်းမြို့နယ် အသင်း (ရန်ကုန်)သည် တောင်ဒဂုံ၊ နိကာယ်ငါးရပ်ပိဋကသုံးပုံ စာသင်တိုက်ကြီးနှင့် ရွှေပေါက်ကံ မော်ကျွန်းပရိယတ္တိစာသင်တိုက်ကြီးတို့မှ ပင့်သံဃာအပါး ၂၀တို့အား (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ၍ အသင်းဝင်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတို့ကို ဇူလိုင် ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၂နာရီအထိ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၂၆ရပ်ကွက်၊ ပုလဲ ရတနာလမ်း၊ နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင်တိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၇ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန် ဆုချီးမြှင့်မည်ဖြစ်ရာ ခိုင်လုံသော အထောက်အထားများဖြင့် အမှတ်(၂၃၃/၂၃၅)၊ ရွှေဘုံသာလမ်း(အလယ်)၊ မြန်မာမျက်မှန်ဆိုင် ဦးစိုးပိုင် (အသင်းအတွင်းရေးမှူး) ဖုန်း-၂၄၀၉၅၄ထံ ဇူလိုင်၁၆ ရက် နောက် ဆုံးထားပြီး ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဒု-ဥက္ကဌ ဦးသောင်းညွှန့်၊ ဖုန်း-၀၉-၅၀၀-၆၄၉၃၊ ဒု-ဥက္ကဌ ဦးစိုးမြင့် ဖုန်း-၂၂၇၂၂၇၊ အတွင်းရေးမှူး ဦးစိုးပိုင် ဖုန်း-၂၄၀၉၅၄နှင့် အသင်း ရုံးတာဝန်ခံ ဦးမြင့်မောင် ဖုန်း- ၂၁၁၂၆၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (က-ပ)





ယာယီစာသင်ဆောင်တွင် ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့ အခြေခံပညာအထက်တန်းကျောင်း ယာယီစာသင်ဆောင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ဖော်ပြပြီး) (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်သူအား ထိုင်းဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၇

အာဆီယံ-မြန်မာ-ကုလသမဂ္ဂ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆိုင်ကလုန်းမုန်တိုင်း သတိပေးကွန်ရက်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးရန် ရန်ကုန်မြို့၌ရောက်ရှိနေသော ထိုင်းနိုင်ငံ ပြန်ကြားရေးနှင့် နည်းပညာဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမွန်ပါတာနိုထိုင်းသည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့် ဒေသများသို့ ကျွဲ၊နွား ၂၅၈ ကောင်နှင့် လက်တွန်းထွန်စက် ၄၁၁ စီး ပေးပို့ဖြည့်ဆည်း တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းအချိန်မီပြန်ဝင်နိုင်

ရန်ကုန် ဇူလိုင် ၇

မော်လမြိုင်ကျွန်းမြို့နယ်ရှိ လေဘေးသင့်ကျေးရွာများသို့ ကျွဲ၊ နွားနှင့် လက်တွန်းထွန်စက်များ အဆက်မပြတ်ပေးပို့နိုင်ခဲ့သဖြင့် လေဘေးသင့်တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းခွင်သို့ အချိန်မီ ပြန်လည်ဝင်ရောက်လျက်ရှိနေကြပြီဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ ဇူလိုင် ၆ရက်အထိ ကျွဲ၊နွားများ ဖြန့်ခွဲပေးပို့မှုမှာ ကြက်လျှာကျေးရွာအုပ်စုသို့ ၁၄၈ကောင်၊ ရှောက်ချောင်းကျေးရွာအုပ်စုသို့ ၄၄ကောင်၊ နတ်မျှုးကျေးရွာအုပ်စုသို့ ၃၈ကောင်၊ လင်းဆွဲ မယ်ဇလီကျေးရွာအုပ်စု၊ကျားချောင်းကျေးရွာအုပ်စု၊ကျွန်းချောင်းကျေးရွာအုပ်စုနှင့် မဘေကျေးရွာအုပ်စုတို့သို့ ၂၈ကောင် စုစုပေါင်း ကျွဲ၊ နွားကောင်ရေ ၂၅၈ ကောင် ပေးပို့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် မော်လမြိုင်ကျွန်းမြို့နယ်၌ လေဘေးသင့်ဒေသရှိ တောင်သူလယ်သမားများထံသို့ လက်တွန်း ထွန်စက်များကိုလည်း အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချခဲ့ရာ ဇွန် ၂၈ရက်အထိ လက်တွန်း ထွန်စက် ၂၃၃စီး ဖြန့်ဖြူးရောင်းချခဲ့ပြီး ဇွန်၂၉ရက်မှ ဇူလိုင် ၆ ရက်အထိ မြို့နယ်အတွင်း ထပ်မံဖြန့်ဖြူးရောင်းချရမှုမှာ နတ်မျှုးကျေးရွာ အုပ်စုသို့ ၃၈ စီး၊ မြတ်သာကျေးရွာအုပ်စုသို့ ၂၅ စီး၊ ကျားချောင်းကျေးရွာအုပ်စုသို့ ၁၄ စီး၊ ပိုးတီလွတ်ကျေးရွာ အုပ်စုသို့ ၁၀ စီး၊ ကြက်လျှာကျေးရွာအုပ်စုသို့ ၃၄စီး၊ ကျွန်းချောင်းကျေးရွာအုပ်စုသို့ ငါးစီး၊ ရှောက်ချောင်းကျေးရွာ အုပ်စုသို့ ၃၂ စီး၊ကျားဟုန်းကျေးရွာအုပ်စုသို့ ခြောက်စီးနှင့် ဂုံညင်းတန်းကျေးရွာအုပ်စုသို့ တစ်စီးတို့ဖြစ်ပြီး ယနေ့အထိ လက်တွန်း ထွန်စက်ဖြန့်ဖြူးမှုမှာ ၄၁၁ စီးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဏ္ဏဝါမိသားစု ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ အဏ္ဏဝါမိသားစုများ၏ (၄၂)ကြိမ်မြောက် နယ်စပ်/တောင်တန်း သာသနာပြုရဟန်းတော်များထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဖွဲ့တည်ရာ အဏ္ဏဝါမွေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။ နယ်စပ်/တောင်တန်းသာသနာပြုရဟန်းတော်များအတွက် ဝါဆိုသင်္ကန်း လှူဒါန်းလိုသူများသည် အဏ္ဏဝါမွေ့ရုံ ဖုန်း-၀၁-၃၈၁၃၄၆၂၊ ဥက္ကဋ္ဌ အဏ္ဏဝါ ဦးသန်းအောင် ဖုန်း-၀၉၈၀၂၄၃၇၂၊ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်သန်း ဖုန်း-၀၁-၇၁၀၄၁၂၊ အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း-၀၁-၅၆၂၀၄၂ နှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းရုံး ဖုန်း-၃၈၈၂၀၂၊ ၃၇၅၈၂၀၊ ၃၉၂၀၇၆၊၃၈၁၅၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ပုပ္ပားကျောင်းဝါဆိုသင်္ကန်းကပ်ပွဲ၊ တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် ပဓာနနာယက(မဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ မွန်းလွဲ ၁ နာရီတွင် ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူကြမည်ဖြစ်ပြီး ဝါဆိုလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၅ ရက်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာဝါဆိုဦးတရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်ယောဂီများ ဝါဆိုလဆန်း ၁၂ရက်မွန်းတည့် ၁၂နာရီ အရောက်လာကြရန်ဖြစ်သည်။ဝါဆိုသင်္ကန်းတစ်စုံ ငွေကျပ် ၄၀၀၀၊ ယောဂီများ အရုဏ်ဆွမ်း တစ်ရက် ငွေကျပ် ၁၀၀၀၀၊ နေ့ဆွမ်းတစ်ရက် ငွေကျပ် ၂၀၀၀၀၊ အချိုပွဲတစ်ရက်လျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း-၆၀၀၀၂၈၊ ၆၀၀၂၁၄သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အဘိဓမ္မာခုနစ်ကျမ်းအာဂုံနှင့် ရေးဖြေစာမေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးသည် အဘိဓမ္မာခုနစ်ကျမ်း အာဂုံပြန်နှင့် သဘောရေးဖြေစာမေးပွဲကို ၁၃၂၈ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့သည့် အစဉ်အလာအတိုင်း ယခုနှစ်တွင် (၄၁)ကြိမ်မြောက်ကျင်းပမည်ဖြစ်သည်။

ယခုနှစ်အတွက် အဘိဓမ္မာခုနစ်ကျမ်းအာဂုံပြန်ဆိုပွဲကို (၁၃၇၀ပြည့်နှစ် ဝါခေါင်လကွယ်နေ့) ၃၀-၈-၂၀၀၈ (စနေနေ့)မှ (တော်သလင်းလဆန်း၈ရက်)၇-၉-၂၀၀၈(တနင်္ဂနွေနေ့)အထိကျင်းပမည်ဖြစ်ပြီး သဘောရေးဖြေစာမေးပွဲကို (တော်သလင်းလပြည့်ကျော်၁၃ရက်)၂၇-၉-၂၀၀၈ (စနေနေ့)မှ (သီတင်းကျွတ်လဆန်း ၆ရက်) ၅-၁၀-၂၀၀၈(တနင်္ဂနွေနေ့) အထိ ကျင်းပမည်ဖြစ်သည်။

အာဂုံနှင့်သဘောရေးဖြေစာမေးပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း သံဃာတော်အဆင့်၊ သီလရှင်အဆင့်၊ လူပုဂ္ဂိုလ်အဆင့်ဟု အဆင့်သုံးဆင့် သုံးပိုင်းခွဲခြားထားမည်။

စာပြန်ဝင်ခွင့်ပုံစံများကို (၁၃၇၀ပြည့်နှစ်နယုန်လပြည့်ကျော် ၁၃ရက်) ၁-၇-၂၀၀၈(အင်္ဂါနေ့)မှ စတင်ထုတ်ပေးလျက်ရှိသည်။ ဝင်ခွင့်လျှောက်လွှာပိတ်ရက်မှာ (ဝါဆိုလပြည့်ကျော် ၁၀ရက်)၂၇-၇-၂၀၀၈(တနင်္ဂနွေနေ့) ဖြစ်သည်။ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို (ဝါခေါင်လပြည့်ကျော် ၇ ရက်) ၂၃-၈-၂၀၀၈(စနေနေ့)တွင် စတင်ထုတ်ပေးမည်ဖြစ်သည်။အသေးစိတ်သိရှိလိုပါကဆူးလေစေတီရင်ပြင်တော် အနောက်ဘက်မုခ်ရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက် ဖုန်း-၃၇၈၄၅၇ နှင့် ဓမ္မဗိမာန် ဖုန်း-၃၈၀၈၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (၆၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အတီးပြိုင်ပွဲ
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅	၆။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၁၅	၇။	အဆိုပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	နှောင်းခေတ်တေးပဒေသာ
၄း၂၀	၃။	အကပြိုင်ပွဲ
၄း၃၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀	၅။	တေးဂီတအစီအစဉ်
၄း၅၅	၆။	အတီးပြိုင်ပွဲ
၅း၀၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၁။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၁၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနှင့်လှည့်ကွက်" (အပိုင်း-၁၀)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	ထူးချွန်အားထား မြန်မာအမျိုးသမီးများ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၁၀)**
	၁၈။	အစီအစဉ်ပြီး၏။

မိုးရေချိန် စံချိန်သစ်များတင်

ရန်ကုန် ဇူလိုင် ၇

ဇူလိုင် ၇ ရက် နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း အများဆုံးရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည်-

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန် ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့် နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁	မင်းကင်း	၂၈၆	၁၁. ၂၆	၉၃	၃. ၆၆	၂၄-၇-၁၉၈၇	၂၄
၂	ကလေး	၂၁၃	၈. ၃၉	၁၄၉	၅. ၈၇	၂၃-၇-၁၉၈၀	၄၀

✳ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်သို့ ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် တုံးလုံချောင်းအနီး၌ ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် ငါးဖမ်းပိုက်မျိုးစုံနှင့် အင်ဂျင်စက်ပစ္စည်းများ၊ ဦးချွန်း ပဲ့ချွန်း အမျိုးအစား စက်လှေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးကို ဆောင်ရွက်ပေးရာတွင် ဦးစွာ မူလအဆင့်ထက် သာလွန်ကောင်းမွန်သော နေအိမ်များကို တည်ဆောက်ပေးလျက်ရှိကြောင်း။

နေအိမ်များတွင် အမြဲတမ်း အတည်တကျနေထိုင်ပြီး မူလစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ငန်းများအလိုက် ပြန်လည်လုပ်ကိုင်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းစီမံပေးမှု၊ စေတနာရှင် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် အလှူရှင်များ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် နေထိုင်ရန်နေအိမ်၊ လုပ်ငန်းများအလိုက် ပြန်လည်လုပ်ကိုင်နိုင်ရေးတို့ကို မူလကထက် သာလွန်ကောင်းမွန်အောင် စီမံဆောင်ရွက်ပေးထားပြီးဖြစ်၍ အလုပ်ကို ကြိုးစားပမ်းစား ဝီရိယထားလုပ်ကိုင်ကြရန် လိုကြောင်း။

အလုပ်ကို ကြိုးစားလုပ်ကိုင်ရာမှ ရရှိလာသောဝင်ငွေများကို စနစ်တကျစုဆောင်း၍ မိမိတို့ဘဝနှင့် လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်ကောင်းမွန်အောင် နေထိုင်လုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

ဒေသအုပ်ချုပ်ရေး တာဝန်ရှိသူများအနေဖြင့်လည်း လေဘေးသင့်သည့် ကျေးရွာများအထိဆင်းပြီး ပြည်သူများကို အလုပ်ကြိုးစားလုပ်ကိုင်ပြီး အဆင့်အတန်းမြင့်မြင့် နေထိုင်သွားလိုသည့်စိတ်ဓာတ်များ ပေါ်ပေါက်စေရန် စည်းရုံးဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ငါးဖမ်းစက်လှေ အစင်း ၁၅၀၊ ငါးဖမ်းပိုက်မျိုးစုံ ၆၀၈ဖုံ တို့ကို မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ထံ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကြီးငွေက အဖွဲ့ချုပ်မှလှူဒါန်းသည့် ငါးဖမ်းပိုက်အမျိုးမျိုး အဖုံ ၉၀၀ကို လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ်သို့ ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲတွင် တုံးလုံချောင်းအနီး၌ ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် ငါးဖမ်းပိုက်မျိုးစုံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရေလုပ်သားများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်ကျွန်းမြို့မှ ထွက်ခွာကြပြီး လမ်းတစ်လျှောက်၌ မိုးစပါးစိုက်ပျိုးပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ နံနက် ၉ နာရီတွင် ဘိုကလေး မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ဘိုကလေးမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဖျာပုံမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဘိုကလေးမြို့ရှိ ကွပ်ကဲရေးရုံး၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘိုကလေးမြို့ရှိ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသော ဘိုကလေးမြို့နယ် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား၌ လွှဲပြောင်းပေးအပ်မည့် စက်လှေနှင့် စက်ပစ္စည်းများ၊ ငါးဖမ်းပိုက်များနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ငါးဖမ်းစက်လှေများ တည်ဆောက်နေမှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ တိုးမြစ်အတွင်း၌ လွှဲပြောင်းပေးအပ်မည့် ဦးချွန်း ပဲ့ချွန်း ငါးဖမ်းစက်လှေအား စမ်းသပ်မောင်းနှင် သရုပ်ပြနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က ရှင်းလင်းပြသကြသည်။

ယင်းနောက် ငါးဖမ်းစက်လှေများနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီမံဖြည့်ဆည်းဆောင်ရွက်မှုနှင့် စေတနာရှင်၊ အလှူရှင်များ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်ကူညီမှုတို့ဖြင့် လေဘေးကယ်ဆယ်ရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပြန်လည်ထူထောင် တည်ဆောက်ပေးမှု အခြေအနေ၊ ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး လေဘေးသင့်ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စေတနာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

မော်လမြိုင်ကျွန်းမြို့နယ်သို့ ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲတွင် တုံးလုံချောင်းအနီး၌ ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် ငါးဖမ်းပိုက်မျိုးစုံနှင့် အင်ဂျင်စက်ပစ္စည်းများကို တွေ့ရစဉ်။
(သတင်းစဉ်)

အင်ဂျင်စက်ပစ္စည်းများ၊ စက်လှေများ

မော်လမြိုင်ကျွန်းမြို့နယ်သို့ ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲတွင် တုံးလုံချောင်းအနီး၌ ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် အင်ဂျင်စက်ပစ္စည်းများ၊ ဦးချွန်း ပဲ့ချွန်းအမျိုးအစား စက်လှေများကို တွေ့ရစဉ်။
(သတင်းစဉ်)

❁ စာမျက်နှာ ၄ မှ

ယခုကဲ့သို့ နေထိုင်ရန်နေအိမ်၊ မူလလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ရန် စီစဉ်ပေးမှု အခြေအနေများအပေါ် အခြေခံပြီး မိမိတို့၏ စီးပွားရေးဘဝမြင့်မား တိုးတက်အောင် အလုပ်ကိုကြိုးစားလုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဘိုကလေးမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ထံ ငါးဖမ်းစက်လှေများနှင့် ငါးဖမ်းပိုက်များကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်ထံ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးငွေးမြင့်က လေဘေးသင့်ရေလုပ်သားများအတွက် ငါးဖမ်းပိုက်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဘိုကလေးမြို့နယ် လေဘေးသင့်လယ်သမားများအတွက် စားသုံးသီးနှံမျိုးစေ့များကို ဒဂုံတင်းဘားကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲတွင် လွှဲပြောင်းပေးအပ်မည့် စက်လှေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့မှ ထွက်ခွာကြပြီး ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ၃၉မိုင်၏ ဘိုကလေး-ကြိမ်ချောင်းလမ်းပိုင်းကို စက်ယန္တရားများ အသုံးပြု၍ ဖောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ နံနက် ၁၀ နာရီခွဲတွင် ကြိမ်ချောင်းကြီး စံပြကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြိမ်ချောင်းကြီး စံပြကျေးရွာ၌ ထူးထရေးဒင်းကုမ္ပဏီမှ လှူဒါန်းသော နေအိမ် ၁၁၆ လုံးတို့တွင် ဆောက်လုပ်ပြီးနေအိမ်များ၌ မိသားစုများ ပြောင်းရွှေ့နေထိုင်မှုနှင့် နေအိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေး အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကြိမ်ချောင်းကြီးစံပြကျေးရွာ၌ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသော ပဲခူးတိုင်း(အနောက်ပိုင်း)၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်အားပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာသို့ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဒုံကနိကျေးရွာ၌ လေဘေးသင့်ပြည်သူများအတွက် C.B Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး လှူဒါန်း၍ ဒဂုံအင်တာနေရှင်နယ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သော ဆောက်လုပ်ပြီးနေအိမ်များတွင် နေရာချထားပေးပြီးသော လေဘေးသင့် မိသားစုများ နေထိုင်စားသောက်မှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ကိုင်စားသောက်မှု အခြေအနေတို့ကို ရင်းရင်းနှီးနှီးမေးမြန်း၍ နိုင်ငံတော် ဝန်ကြီးချုပ်က တစ်နိုင်တစ်ပိုင်စိုက်ပျိုးရန် ဟင်းသီးဟင်းရွက်မျိုးစေ့ထုပ်များ၊ လက်သုံးကိရိယာများနှင့် လက်ပစ်ပိုက်ကွန်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများအား နိုင်ငံတော်နှင့် စေတနာရှင် အလှူရှင်များက ပံ့ပိုးပေးသောပစ္စည်းများကို စနစ်တကျဖြန့်ဝေပေးရန်မှာကြားပြီး ကျေးရွာရှိ ယာယီစာကြည့်တိုက်၊ ဆေးပေးခန်းနှင့် ဖွင့်လှစ်ရောင်းချနေသောဈေးဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကဒုံကနိကျေးရွာမှ ဆက်လက်ထွက်ခွာကြပြီး ဘိုကလေးမြို့နယ်ရှိ ဒေါင့်ကြီးကျွန်းပတ်တာကို စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဘိုကလေးမြို့နယ် စက်ဆန်း **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✧

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး စံပြကျေးရွာ၌ ထူးထရေးဒင်းကုမ္ပဏီမှ လှူဒါန်းသော ဆောက်လုပ်ပြီးနေအိမ်တို့၌ နေထိုင်နေသော မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ငါးဖမ်း စက်လှေများ

မော်လမြိုင်ကျွန်းမြို့နယ်သို့ ငါးဖမ်းစက်လှေနှင့် ငါးဖမ်းပိုက်များ လွှဲပြောင်းပေးအပ်ပွဲတွင် တုံးလှဲချောင်းအနီး၌ ခင်းကျင်းပြသထားသော လွှဲပြောင်းပေးအပ်မည့် ဦးချွန်း ပဲ့ချွန်း အမျိုးအစား စက်လှေများကို တွေ့ရစဉ်။ (သတင်းစဉ်)

✧ စာမျက်နှာ ၅ မှ

ကျေးရွာ၌ လေဘေးသင့်ပြည်သူများအတွက် လူနေအိမ်များ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲ၁၂နာရီ ၁၀မိနစ်တွင် ဖျာပုံမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိလာရာ နယ်မြေခံတပ်ရင်း ဧည့်ခန်းမ၌ ဖျာပုံမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က ဖျာပုံမြို့နယ်အတွင်း လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ၊ လေဘေးသင့်ပြည်သူများအတွက် လူနေအိမ်တည်ဆောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဖျာပုံမြို့မှထွက်ခွာကြရာ မွန်းလွဲ၁နာရီ ၂၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အင်္ဂတေစက်ရုံသို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် စက်ရုံမှူးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အင်းစိန်မြို့နယ် ဖော့ကန်ရှိအမှတ်(၁) စက်မှုဝန်ကြီးဌာန အင်္ဂတေပစ္စည်းစက်ရုံနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံတို့မှ လေဘေးသင့်ဒေသများတွင် ဆောက်လုပ်လျက်ရှိသော နေအိမ်များအတွက် လိုအပ်သော ကွန်ကရစ်အုတ်ဖိနပ် ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်္ဂတေပစ္စည်းစက်ရုံနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံတို့မှ လေဘေးသင့်ပြည်သူများအတွက် နေအိမ်များဆောက်လုပ်ရန် ကွန်ကရစ်အုတ်ဖိနပ်များ ထုတ်လုပ်နေမှု၊ ကွန်ကရစ်အုတ်ဖိနပ်များပြုလုပ်ရန် သစ်သားနှင့်သံမိုများ ပြုလုပ်နေမှုတို့ကိုကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဦးအောင်သောင်းက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား အင်္ဂတေပစ္စည်းစက်ရုံ ရှင်းလင်းဆောင်တွင် ဝန်ကြီးဦးအောင်သောင်းက ကွန်ကရစ်အုတ်ဖိနပ်များ ထုတ်လုပ်ရန် ပစ္စည်းများစုဆောင်းထားရှိမှု၊ ကွန်ကရစ်အုတ်ဖိနပ်များထုတ်လုပ်နေမှု၊ ပံ့ပိုးပစ္စည်းများရရှိမှုနှင့် မကြာမီကာလတွင် ကွန်ကရစ်အုတ်ဖိနပ်များ ဖြန့်ဝေပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ လေဘေးသင့်ဒေသများရှိ အိုးအိမ်မဲ့ဖြစ်သွားသောပြည်သူများအား ၎င်းတို့မူလနေထိုင်မှုထက်သာလွန်ကောင်းမွန်သော အမြဲတမ်းနေအိမ်များဖြင့် နေထိုင်နိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါနေအိမ်များအတွက် အဓိကကျသောကွန်ကရစ်အုတ်ဖိနပ်များကို အမှတ် (၁) စက်မှုဝန်ကြီးဌာနမှ စေတနာထား၍ ဝိုင်းဝန်းကြိုးပမ်းထုတ်လုပ်ပေးလျက်ရှိသဖြင့် မကြာမီကာလအတွင်းမှာ ယာယီတဲများဖြင့်နေထိုင်လျက်ရှိသော အိုးအိမ်မဲ့ပြည်သူများ အတည်တကျနေအိမ်များဖြင့် အဆင့်မြင့်မြင့်နေထိုင်နိုင်ကြတော့မည်ဖြစ်ကြောင်း။

ယခုကဲ့သို့ လုပ်ငန်းများသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးကို ဝိုင်းဝန်းပါဝင်ကူညီပေးသော အမှတ်(၁) စက်မှုဝန်ကြီးဌာနမှဝန်ထမ်းများကို အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အင်္ဂတေပစ္စည်းစက်ရုံနှင့် ပြုပြင်ထိန်းသိမ်းရေးစက်ရုံတို့မှ လေဘေးသင့်ဒေသများတွင် ဆောက်လုပ်လျက်ရှိသော နေအိမ်များအတွက်လိုအပ်သော ၁၈လက်မ×၁၄လက်မ×အမြင့် ၃၀လက်မအရွယ်ရှိ ကွန်ကရစ်အုတ်ဖိနပ်များကို ဇွန် ၃၀ရက်မှ စတင်ထုတ်လုပ်လျက်ရှိပြီး တစ်နေ့လျှင် ကွန်ကရစ် အုတ်ဖိနပ် ၁၀၀၀ မှ ၁၂၀၀ထိ ထုတ်လုပ်လျက်ရှိသည်။ အဆိုပါကွန်ကရစ်အုတ်ဖိနပ်များကို ဇူလိုင် ၈ရက်မှစ၍ နေ့စဉ် အုတ်ဖိနပ် ၉၀၀ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ National Wood Industry Ltd စက်ရုံသို့ရောက်ရှိကြရာ မြန်မာ့သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
၆:၄၅။ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း ဒိုးဒိုးဒေါက်ဒေါက် ဘုန်နဲ့ဘောက် အပိုင်း(၁၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖြူစင်ခြင်းရဲ့နောက်ကွယ် အပိုင်း(၁)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ National Wood Industry Ltd. စက်ရုံမှတည်ဆောက်ထားသော လေဘေးသင့်ဒေသများအတွက် ငါးဖမ်းလှေနှင့် နေအိမ်နမူနာများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဇူလိုင် ၆ ရက်က အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့၌ မက်(စ်)မြန်မာကုမ္ပဏီ၏ လယ်ဧက ၅၀၀၀ စိုက်ပျိုးရေးစီမံကိန်းတွင် မိုးစပါးစိုက်ပျိုးရန် ထွန်စက်များဖြင့် ထွန်ယက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ် အုတ်တွင်းကျေးရွာအုပ်စု ခုံကြီးကျေးရွာသစ်၌ ဆောက်လုပ်ပြီးနေအိမ်များတွင် နေထိုင်လျက်ရှိသော မိသားစုများအား မိသားစုတစ်ဦးချင်း၏ နေထိုင်စားသောက်မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခြေအနေတို့ကို ရင်းရင်းနှီးနှီးမေးမြန်းစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

❍ စာမျက်နှာ ၆ မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား အဆိုပါ စက်ရုံ ရှင်းလင်းခန်းမ၌ မြန်မာ့သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က လေဘေးသင့်ဒေသများအတွက် နေအိမ်များနှင့် ငါးဖမ်းလှေများ တည်ဆောက်လှူဒါန်းမှု၊ နေအိမ်များ အသင့်ဆောက်လုပ်နိုင်ရန်အတွက် ပုံစံကျသစ်များ ခွဲစိတ်ပို့ဆောင်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လေဘေးသင့်ဒေသများရှိ အိုးအိမ်မဲ့ပြည်သူများ အတည်တကျနေအိမ်များဖြင့် နေနိုင်ရန်အတွက် လိုအပ်သော အသင့်ပုံစံကျသစ်များကို အချိန်မီရရှိရေး ဆောင်ရွက်ပေးမှု၊ နေအိမ်များနှင့် လှေများလှူဒါန်းမှုအတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ ကျေးဇူးတင် မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ရုံအတွင်း ပုံစံကျသစ်များခွဲစိတ်ထားရှိမှု၊ သက်ဆိုင်ရာဒေသများသို့ ပေးပို့ရန်စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ စက်ရုံမှတည်ဆောက်ထားသော ငါးဖမ်းလှေနှင့် နေအိမ်နမူနာများ ပြသထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် National Wood Industry Ltd စက်ရုံမှ ညနေ ၃နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီး စံပြကျေးရွာ၌ ထူးထရေးဒင်း ကုမ္ပဏီမှ လှူဒါန်းသော နေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)



ဘိုကလေးမြို့နယ်တွင် ငါးဖမ်းစက်လှေများကို တည်ဆောက်နေစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ အားသွန်ခွန်စိုက် ပါဝင် ဆောင်ရွက်လျက်ရှိကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ

မိမိတို့ သတင်းအဖွဲ့ဝင်များသည် မုန်တိုင်းသင့် ဒေသများအတွင်းနေရာအနှံ့ သတင်းလှည့်လည်ရယူခဲ့ကြသူများပီပီ နာဂစ်မုန်တိုင်း၏ ဖျက်ဆီးမှုစွမ်းအားကြီးမားမှုကြောင့် ရရှိခဲ့သည့် ဒဏ်ရာ ဒဏ်ချက်များကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏သမိုင်းတွင်လောက်သည့် ဆောင်ရွက်ချက်များကိုလည်းကောင်း အများတကာတို့ထက်ပို၍ ထဲထဲဝင်ဝင် တွေ့မြင်သိရှိခဲ့ပါသည်။

အလားတူပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ဆောင်ရွက်နေမှုတို့ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဒေးဒရဲမြို့သို့ ကျွန်တော်ရောက်ခဲ့စဉ်က ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် တစ်ဦး၏ **"ကျွန်တော်တို့အဖွဲ့မှာပါတဲ့အသင်းဝင်တွေဟာတောင်သူလယ်သမားတွေချည်းပဲဖြစ်ကြပါတယ်။လယ်ယာမြေ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ့်လယ်၊ ကိုယ့်ယာတွေတောင် မထွန်ယက်နိုင်ကြဘဲ လေဘေးသင့်ပြည်သူတွေအတွက် ဒီမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြတာ ဖြစ်ပါတယ်"** ဟူသည့် စကားသံများကိုလည်း ယခုတိုင် ကြားယောင်မိနေဆဲဖြစ်ပါသည်။

အရေးကြီးတော့ သွေးနီးကြသည်၊ အရေးကြုံတော့ သွေးဆုံကြသည့်နှယ်ပြည်ထောင်စုတစ်ဝန်းရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် မုန်တိုင်းသင့် ဧရာဝတီ၏ ရင်ခွင်ဆီသို့ ပြေးဝင် အရောက်လှမ်းခဲ့ကြပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာအဖွဲ့ ၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် ၂၆၄ ဦး ပါဝင်သောအဖွဲ့သည် လပွတ္တာမြို့နယ် လှိုင်းဘုန်း၊ ပြင်စလူ၊ ဆင်ခြေရာ၊ စလူဆိပ်ကျေးရွာတို့နှင့် ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်း၊ စက်ဆန်းကျေးရွာတို့သို့ ဇွန်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့ကြပြီး လေဘေးသင့်ဒေသရှိ ကျေးရွာများ၏ သန့်ရှင်းရေး၊

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အဖွဲ့ (၆) စက်ဆန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံဝင်းအတွင်း ဤသို့ သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အဖွဲ့(၄) စလူဆိပ်ကျေးရွာ၌ ပြိုလဲကျနေသောသစ်ပင်၊ သစ်ကိုင်းများအား ဤသို့ ရှင်းလင်းဖယ်ရှားပေးခဲ့ကြသည်။

ကျန်းမာရေးနှင့်ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြပါသည်။

ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ အသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၁)သည် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာတွင် အခြေပြု၍လည်းကောင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အသင်းဝင်လူငယ်များပါဝင်သော အဖွဲ့(၂)သည် လပွတ္တာမြို့နယ် ပြင်စလူမြို့တွင် အခြေပြု၍လည်းကောင်း၊ ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အသင်းဝင် လူငယ်များ ပါဝင်သော အဖွဲ့(၃)သည် လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာတွင်လည်းကောင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ အသင်းဝင်လူငယ်များပါဝင်သော အဖွဲ့(၄)သည် လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာတွင် အခြေပြု၍လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ အသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၅)သည် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကျေးရွာတွင် အခြေပြု၍လည်းကောင်း၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၆) သည်ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် အခြေပြု၍လည်းကောင်း ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက် ရှိကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

အဆိုပါ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သွားလာနေထိုင်စားသောက်ရေးအတွက် စရိတ်စက အဝဝကိုလည်းကောင်း၊ အိုးခွက်ပန်းကန်များ၊ စားနပ်ရိက္ခာအပြည့်အစုံနှင့် နေထိုင်ရေးအတွက် ရွက်ဖျင်တဲအလုံအလောက်ကိုလည်းကောင်း၊ ရှေးဦးသူနာပြုသေတ္တာ၊ ငါးမန်း လွှ၊ ပေါက်ပြား၊ ဂေါ်ပြား၊ ဓား၊ တူ၊ တူရွင်း၊ ရိုက်သံမျိုးစုံ၊သွပ်နန်း ကြိုး၊ ပလာယာ၊ လူ ၁၀ယောက်စီးပဲ့ထောင်လှေတစ်စင်း၊ ဒီဇယ်နှင့်ဓာတ်ဆီ၊အင်ဂျင်ဝိုင်တို့နှင့်စခန်းသုံးအထောက်အကူပြုပစ္စည်းများတို့ကိုလည်းကောင်း၊ ပြည်ထောင်စု

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အဖွဲ့(၅) ကြိမ်ချောင်းကျေးရွာနှင့် အာမခံကျေးရွာတို့၌ နေအိမ် အမိုးအကာများကို ဤသို့ ပြန်လည် ပြုပြင်တည်ဆောက်ပေးခဲ့ကြသည်။

သတင်းဆော...
မောင်မောင်ထွေး(...

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။

လောကတွင် ဖျက်သူလွယ်၍၊ ပြုသူခက်သည်မှာ ဓမ္မတာပင်။ ပျက်စီးမှု ပမာဏမှာ အလွန်ကြီးမားများပြားသည့်အလျောက် ပြန်လည်ထူထောင်တည်ဆောက်သူတို့အတွက်လည်း ပြုဖွယ်ရာများက တစ်ပုံတစ်ပင်၊ မကုန်နိုင်၊ မခန်းနိုင်၊ မရေတွက်နိုင်အောင် ရှိနေပေသည်။

လေဘေးသင့်ကျေးရွာ အသီးသီးတွင် အခြေပြု၍ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်လူငယ်များ၏ယနေ့အထိ ဆောင်ရွက် ပြီးစီးခဲ့သည်တို့ကို လေ့လာကြည့်လျှင်ပင် ထင်ရှားပေါ်လွင်လှပေသည်။

အဖွဲ့(၁)သည် လှိုင်းဘုန်းကျေးရွာရှိ ကျောင်းသား၊ ကျောင်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ...
အဖွဲ့(၃) ဆင်ခြေရာကျေးရွာ၊ သ...
ကန်ကျေးရွာ၊ ဒါနချောင်းကျေးရွာ...
အုံတုံကုန်းကျေးရွာတို့၌ပြိုလဲကျ...
များကို ဤသို့ ခုတ်ထွင် ရှင်းလင်း...

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က တာဝန်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရပါသည်။

လောကတွင် ဖျက်သူလွယ်၍၊ ပြုသူခက်သည်မှာ ဓမ္မတာပင်။ ပျက်စီးမှု ပမာဏမှာ အလွန်ကြီးမားများပြားသည့်အလျောက် ပြန်လည်ထူထောင်တည်ဆောက်သူတို့အတွက်လည်း ပြုဖွယ်ရာများက တစ်ပုံတစ်ပင်၊ မကုန်နိုင်၊ မခန်းနိုင်၊ မရေတွက်နိုင်အောင် ရှိနေပေသည်။

လေဘေးသင့်ကျေးရွာ အသီးသီးတွင် အခြေပြု၍ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်လူငယ်များ၏ယနေ့အထိ ဆောင်ရွက် ပြီးစီးခဲ့သည်တို့ကို လေ့လာကြည့်လျှင်ပင် ထင်ရှားပေါ်လွင်လှပေသည်။

အဖွဲ့(၁)သည် လှိုင်းဘုန်းကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူများအား စာပေဘာသာရပ်များ သင်ကြားပို့ချခြင်း၊ ဘီကုန်းကျေးရွာနေ လေဘေးသင့်ပြည်သူများအား အဝတ်အထည်များ ပေးအပ် လှူဒါန်းခြင်း၊ လဲကျသစ်ပင်များကို ဖြတ်တောက် ရှင်းလင်းဖယ်ရှားခြင်း၊ ဘုန်းကြီးကုန်းကျေးရွာတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ယာယီစာသင်ဆောင် ဆောက်လုပ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများရှိ ရေကန်များကို ရေချိုရရှိစေရန် တူးဖော်ဆယ်ယူပေးခြင်း၊လေဘေးသင့်ပြည်သူများအတွက် ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများကို သယ်ယူနေရာချပေးခြင်း၊ နေအိမ်များ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပေးခြင်း၊လက်တွန်းထွန်စက်များဖြင့် လယ်ယာမြေများ ဝိုင်းဝန်း ထွန်ယက်ပေးခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဖွဲ့(၂)သည် ပြင်စလူမြို့ ဆေးရုံဝင်းအတွင်းနှင့်ပြင်စလူ-ဝါးပိုးကုန်းလမ်း ရှင်းလင်းခြင်း၊ လေယာဉ်ကွင်းရွာတွင် ကချင်ပြည်နယ်မှ ပေးပို့လှူဒါန်းသော အဝတ်အထည်များ လက်ဝယ်အရောက် ဝေငှပေးအပ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ ပြင်စလူမြို့ သန့်ရှင်းရေးနှင့် ရေကန်ဆယ်ယူခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားပိုင် ကုမ္ပဏီများမှ ရေလုပ်ငန်းရှင် ၁၀ ဦးအတွက် ထောက်ပံ့ပေးအပ်သော စက်တပ်လှေ ၁၀စင်းနှင့် ငါးဖမ်းပိုက်များကို သယ်ဆောင်ပေးခြင်း၊ ပြင်စလူမြို့ လေဘေးကယ်ဆယ်ရေးစခန်းတွင် ငါးခန်းတွဲ အိမ်သာများဆောက်လုပ်ပေးခြင်း၊ရပ်ကွက်များအတွင်း ပြိုလဲကျနေသော သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းပေးခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဖွဲ့(၃)သည် ဆင်ခြေရာကျေးရွာ၊ သပြေကုန်းကျေးရွာအုပ်စု ကင်းကန်ကျေးရွာ၊ ဒါနချောင်းကျေးရွာ၊ ဥယျာဉ်ကုန်းကျေးရွာနှင့် အုံတုံကုန်းကျေးရွာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အဖွဲ့(၃) ဆင်ခြေရာကျေးရွာ၊ သပြေကုန်းကျေးရွာအုပ်စု၊ ကင်းကန်ကျေးရွာ၊ ဒါနချောင်းကျေးရွာ၊ ဥယျာဉ်ကုန်းကျေးရွာနှင့် အုံတုံကုန်းကျေးရွာတို့၌ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ဤသို့ ခုတ်ထွင် ရှင်းလင်း ဖယ်ရှားပေးခဲ့ကြသည်။

တို့ရှိ သောက်သုံးရေကန်များကို ရေချိုရရှိရေးအတွက် တူးဖော်ဆယ်ယူခြင်း၊ ရွာတွင်း၊ရွာပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင် ရှင်းလင်းဖယ်ရှားခြင်း၊ ထိခိုက်ပြတ်ရှဒဏ်ရာ ရရှိလူနာများ၊ သာမန်ဝမ်းလျှော ဝမ်းကိုက်လူနာ၊ တုပ်ကွေးဖျားနာ လူနာ၊ အစာအိမ်ရောဂါ လူနာနှင့် ငါးနှစ်အောက်ကလေး အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလူနာများအား နေ့စဉ်ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဖွဲ့ (၄) သည် စလူဆိပ်ကျေးရွာ သောက်သုံးရေကန်ရှိ ရေဆင်းတံတားတည်ဆောက်ခြင်း၊ သောက်သုံးရေကန်ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များနှင့် ပြိုလဲကျနေသော သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းဖယ်ရှားခြင်း၊ ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ကျေးရွာအလယ်တန်းကျောင်းရှိ စာသင်ခုံများအား ပြန်လည်ပြုပြင်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ထုံးဖြူးခြင်းနှင့် ရွာဦးဘုန်းတော်ကြီးကျောင်း နံရံဆေးသုတ်ခြင်း၊ လက်တွန်းထွန်စက်များဖြင့် လယ်ယာမြေများ ဝိုင်းဝန်းထွန်ယက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အဖွဲ့ (၁) လှိုင်းဘုန်းကျေးရွာ၌ လက်တွန်းထွန်စက်များဖြင့် လယ်ယာမြေများကို ဤသို့ ဝိုင်းဝန်းထွန်ယက်ပေးခဲ့ကြသည်။

အဖွဲ့(၅)သည် ကြိမ်ချောင်းကျေးရွာ ရွာလယ်လမ်းမ အုတ်စီခြင်း၊ ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ လေဘေးသင့်ပြည်သူများအတွက်ထောက်ပံ့ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ပေးခြင်း၊ကျေးရွာအတွင်း ပြိုလဲကျနေသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ဖယ်ရှား ရှင်းလင်းခြင်း၊ တိလောက မာရဇိန်စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းတွင် ကူညီဆောင်ရွက်ခြင်း၊ သံဃာတော်များအား သင်္ကန်းကပ်လှူခြင်း၊ ကြိမ်ချောင်းကျေးရွာနှင့် အာမခံကျေးရွာတို့၌ နေအိမ်များ အမိုးအကာပြန်လည် ပြုပြင်တည်ဆောက်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် အဝတ်အထည်များ လှူဒါန်းခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဖွဲ့ (၆)သည် စက်ဆန်းကျေးရွာ၌ အများပြည်သူသုံး တယ်လီဖုန်းရုံ ဖွင့်ပွဲ အခမ်းအနားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် ဓမ္မာရုံဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ရေကန်အား ဆယ်ယူခြင်း၊ ကျေးရွာလမ်းများပေါ်၌ ပြိုလဲကျနေသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင် ဖယ်ရှားရှင်းလင်းခြင်း၊ ကျေးရွာအထက်တန်းကျောင်းရှိ ပြိုလဲပျက်စီးသွားသော ကျောင်းဆောင်အား ရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း၊ လေဘေးသင့် ပြည်သူများအတွက် ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများကိုလက်ဝယ်အရောက် ဖြန့်ဝေပေးခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ဘိုကလေးမြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့တွင်လည်း ပဲခူးတိုင်း (အရှေ့ပိုင်း) ၁၄ မြို့နယ်တို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အင်အား ၁၀၀၊ ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးညှင်းနှင့် ဗန်းမော်ခရိုင်တို့မှ အသင်းဝင်အင်အား ၆၀နှင့် ဧရာဝတီတိုင်း ညောင်တုန်း၊ ပန်းတနော်၊ဓနုဖြူမြို့နယ်တို့မှ အသင်းဝင်အင်အား ၃၀တို့ကလည်း ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူတို့နှင့်အတူ ပါဝင်ကူညီဆောင်ရွက်နေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

ဤသည်မှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အဖွဲ့များ ဆောင်ရွက်ပေးခဲ့သော ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်ပေသည်။

ယခုဆိုလျှင် လေဘေးသင့်ဒေသများရှိ ကျေးရွာအသီးသီး တွင်သွားရောက်အခြေပြု၍ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက် ရှိကြသည့် အသင်းဝင် လူငယ်များ ရောက်ရှိနေသည်မှာ တစ်လပင် ပြည့်လုနီးပေပြီ။

ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ နေ့စဉ် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်မှာ တစ်လဆိုသည့် ကာလအတွင်း မည်မျှ ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို အလွယ်တကူ သိရှိနိုင်ကြမည် ဖြစ်ပေသည်။

အလားတူ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များသည်လည်း မိမိတိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် နှင့် ကျေးရွာအတွက် မုန်တိုင်းကျရောက်ပြီး အချိန်မှစ၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်အတူ ကျရာကဏ္ဍမှ အသီးသီး တာဝန်ကျေပွန်စွာ ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

ထို့အတူ စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့မှ ယခု ၁၄နှစ်ကျော် ၁၅နှစ်နီးပါး သက်တမ်းအတွင်း နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ လက်တွဲပူးပေါင်းလျှောက်လှမ်းကာ နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင် ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းပမာဏများမှာလည်း မိုးယံထက်မှ ကြယ်တာရာများနှယ်ရေတွက်၍ပင် ကုန်နိုင်ဖွယ်ရာ မရှိတော့ချေ။

လေဘေးသင့် ပြည်သူတို့၏ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေရန်၊ အေးချမ်းစေရန်နှင့် မုန်တိုင်းလွန်ကာလတွင်ယခင်ကထက်ပိုမိုသာလွန် ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် မိုးဦးလေဦးကာလများတွင် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာဟု တင်စားကြသည့် မြစ်ဝကျွန်းပေါ် တိုင်းဌာနီ ဧရာဝတီ၏ မြစ်ချောင်းအင်းအိုင်များကြား၌ သွားလာနေထိုင်လျက် ပြည်သူ့အကျိုးပြု ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံအားသွန်ခွန်စိုက် ပါဝင် ဆောင်ရွက်လျက်ရှိကြသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်များအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသတည်း။ ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်အဖွဲ့ (၂) ပြင်စလူမြို့၌ ဒေသခံပြည်သူများအား ဤသို့ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ကြသည်။

ညောင်ရိပ်သာလယ်တီတရားစခန်း

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်း သာကေတမြို့နယ်(၁၀၈)တောင်ဘုရားကြီးအနီး ညောင်ရိပ်သာတရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ ကာယာနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ ငန်းချောင်းဆရာတော်အရှင်ကေသရာ ဘိဝံသက လစဉ်မြန်မာလဆန်း ၁၀ ရက်မှလပြည့်ကျော် ၁ ရက်အထိ အဓိဋ္ဌာန်တရားစခန်းဖွင့်လှစ်ပြသလျက်ရှိရာ အဆိုပါတရားစခန်းအတွက်နှင့် ဓမ္မဗိမာန်ကျောင်းတော်ကြီးတိုးချဲ့ဆောက်လုပ်ရေးအတွက် ဦးကြင်ဆန်း-ဒေါ်အေးအေးမြင့် ကျိုက္ကစံတာမွေက အလှူငွေကျပ် သုံးသိန်း၊ ဦးဟံသိန်း-ဒေါ်နှင်းပွင့် သာကေတ ဧရာဝဏ်အိမ်ရာက ငွေကျပ်တစ်သိန်း၊ ဦးအုန်းကြည်-ဒေါ်ငွေတင်သားသမီးမြေးများ ၁၀/မြောက်၊ ရတနာပုံ(၂)လမ်း သာကေတက ငွေကျပ်တစ်သိန်း၊ ဦးထွန်းဇော်-ဒေါ်မျိုးမမညိမ်းမိသားစု ၁၁/တောင် ခိုင်ရွှေဝါလမ်းက ငွေကျပ်တစ်သိန်းစီ တို့ကိုလာရောက်လှူဒါန်းကြသည်။ အဆိုပါ ဓမ္မဗိမာန် ငါးထပ်တရားစခန်း ကျောင်းဆောက်လုပ်ရေးနှင့် တရားစခန်း ဝေယျာဝစ္စအတွက် ဖုန်း-၅၄၇၀၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

လေဘေးသင့်ဒေသ လူနေအိမ်ရာများဆောက်လုပ်ရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လေဘေးသင့်ဒေသ၌ လူနေအိမ်များဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေမာလာ၊ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်တင်တင်မြ၊ဒေါ်ခင်နွယ်နွယ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)မေခလာခန်းမသို့ လာရောက်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တာဝန်ရှိသူများကလက်ခံပြီး**(အောက်ပုံ)**ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းတနော်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၇

နှစ်စဉ်ကျင်းပမြဲဖြစ်သောပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၃)ကြိမ်မြောက်၊ ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ပန်းတနော်မြို့၌ ကျင်းပမည်ဖြစ်ရာ ပန်းတနော်မြို့နယ်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ကပ်လှူလိုကြသော အလှူရှင်များနှင့် အသင်းသူ၊ အသင်းသားများသည် ဦးကြူပွင့် ဖုန်း-၅၆၀၁၅၆နှင့် ဦးဝင်းမောင် ဖုန်း-၅၄၄၂၀၀ တို့သို့ အမြန်ဆုံး ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

မူးယစ်
ကင်းစင်
အလှဆင်

ကိုးဘွဲ့ရဆရာတော် အာစာရာလင်္ကာရ အရှင်သူမြတ်က လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထောက်ပံ့ရေးပစ္စည်းများကို ဇွန် ၂၂ ရက်က ပေးအပ်လှူဒါန်းရာ လပွတ္တာအသင်းမှ တာဝန်ရှိသူများက လက်ခံရယူစဉ်။

(က-ပ)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာအတွင်း တည်ဆောက်ဆဲ စိတ္တဝိဝေက လေးထပ်ကျောင်းတော်အတွက် မရမ်းကုန်း(၁)ရပ်ကွက် (၂)လမ်းနေ ဦးကျော်စိန်-ဒေါ်မအောင်သာ မိသားစုက အလှူငွေကျပ်ငါးသိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းစဉ်။

(က-ပ)

ASUS Eee PC ပိုင်ရှင်များတွေ့ဆုံပွဲနှင့် အထူးလက်ဆောင်ပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

Golden Power Technology မှ ASUS Eee PC များ အသုံးပြုကြသူများအတွက် ASUS Eee PC ပိုင်ရှင်များတွေ့ဆုံပွဲကို ဇူလိုင် ၁၂ ရက် (စနေနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအတွင်း TRADER'S HOTEL (MYANMAR BALLROOM II) ၌ ကျင်းပမည်ဖြစ်သည်။ တွေ့ဆုံပွဲတွင် Eee PC များကို အသုံးပြုခဲ့ကြသူများအတွက် 2.0 GB FLASH DRIVE ဂုဏ်ပြုလက်ဆောင်ပေးမည်ဖြစ်၍ မိမိဝယ်ယူထားသော Eee PC များကို ယူဆောင်လာကြရန်ဖြစ်သည်။ ဇူလိုင် ၁၂ ရက်တွင် ASUS Eee PC များ ထပ်မံဝယ်ယူလိုသူများအတွက် ဂုဏ်ပြုအထူးလက်ဆောင် တွဲဖက်ရောင်းချပေးသွားမည်ဖြစ်သည်။ တွေ့ဆုံပွဲတက်ရောက်ရန် ကြိုတင်စာရင်းပေးသွင်းလိုသူများသည် မကေသီနွယ် ဖုန်း-၂၁၀၉၄၃၊ ၂၂၆၆၆၄၊ ၂၁၅၈၁၁၊ ၂၁၅၈၁၅၊ ၂၂၃၉၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝင်ဘယ်လ်ဒန်တင်းနစ်ပြိုင်ပွဲ နာဒဲလ် ပထမဆုံးအကြိမ်ချန်ပီယံဖြစ်လာ

ပေကျင်း ဇူလိုင် ၇

ကမ္ဘာ့အကောင်းဆုံးတင်းနစ်ကစားသမားများဖြစ်ကြသော နာဒဲလ် အဆင့်(၂)နှင့် ဝင်ဘယ်လ်ဒန်လက်ရှိချန်ပီယံ ဖက်ဒရား အဆင့်(၁)တို့သည် တနင်္ဂနွေနေ့က ကမ္ဘာ့အကောင်းဆုံးပွဲတစ်ပွဲအဖြစ် ဝင်ဘယ်လ်ဒန်ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ကစားသွားခဲ့ကြသည်။

မိုးရွာသဖြင့် မကြာခဏပွဲရပ်နားထားရသည်။ လက်ညီပညာညီသဖြင့် ငါးပွဲ အပြည့်ကစားခဲ့ကြရပြီး နာဒဲလ်က ဖက်ဒရားကို အနိုင်ရကာအင်္ဂလန်ကလပ်များအားလုံး၏ ချန်ပီယံဖြစ်လာသည်။ ၄င်းအတွက် ပထမဆုံးအကြိမ် ဗိုလ်စွဲခြင်းဖြစ်သည်။

"ယခုအချိန်မှာ ကျွန်တော်ရှင်းမပြနိုင်လောက်အောင် ခံစားရပါတယ်"ဟု နာဒဲလ်က ၂၀၀၃ ခုနှစ်ကတည်းက ဖက်ဒရားပိုင်ဆိုင်ခဲ့သော ဝင်ဘယ်လ်ဒန်ဆုဖလားကြီးကို လက်ခံရရှိပြီးနောက်**(အပေါ်ပုံ)** သတင်းထောက်များအားပြောကြားခဲ့သည်။

နာဒဲလ်က ပထမနှင့် ဒုတိယပွဲငယ်တွင် ၆-၄၊ ၆-၄ ဖြင့်အနိုင်ရပြီး တတိယနှင့် စတုတ္ထပွဲငယ်တွင် ၆-၇၊ ၆-၇ ဖြင့် ရှုံးခဲ့သည်။ အဆုံးအဖြတ်ပေးသည့် ငါးပွဲမြောက်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး နာဒဲလ်က ၉-၇ ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ငါးကြိမ်ဆက်တိုက် ဝင်ဘယ်လ်ဒန် ချန်ပီယံအဖြစ် အောင်မြင်မှုရခဲ့ပြီး ခြောက်ကြိမ်မြောက်ဗိုလ်စွဲရန်ကြိုးစားခဲ့သော ဖက်ဒရားက "အခုအချိန်ထိရှုံးရတဲ့ပွဲများအနက် ဒါဟာအခံစားရဆုံး အရှုံးဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

နာဒဲလ်နှင့် ဖက်ဒရားတို့ ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲသည် ကစားချိန် ၄ နာရီ ၄၈ မိနစ်ကြာခဲ့ရာ ဝင်ဘယ်လ်ဒန် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အချိန်အကြာဆုံးပွဲအဖြစ် မှတ်တမ်းဝင်သွားသည်။ ***အင်တာနက်။***

သန်လျင် ဖားအောက်တောရရိပ်သာ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၇

သန်လျင်ဖားအောက်တောရရိပ်သာ၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် သီရိခေမာဓမ္မသာလာဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ ကြွရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ရိပ်သာဖုန်း-၀၅၆-၂၁၉၂၇၊ ၀၁-၇၂၀၇၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၈ (အင်္ဂါနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"အရိပ်မထွက်စေနှင့်"တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၇း၅၀ - ၁း၅၀	ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၈း၀၅ - ၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀ - ၂း၁၀	Suanday Talk
၈း၅၀ - ၂း၅၀	အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ (ရေခဲမုန့်ပြုလုပ်နည်း)
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅	ဖြောင့်စင်းလှပဆံကေသာအလှ
၉း၃၀ - ၃း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာ မောင်မောင်ထွန်းအောင်(ကျန်းမာရေး)နှင့် တွေ့ဆုံခြင်း]
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	တီကောင်စွန့်ပစ်သြဂဲနစ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	Teens Star (နန်းဆုရတီစိုးနှင့်တွေ့ဆုံခြင်း)
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	Activities In The City (ဂျပန်၊မြန်မာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်း)
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	လှပချစ်စရာ အိမ်တွင်းမှုပညာ (ချည်သားပိုက်ဆံအိတ်ပြုလုပ်ပုံအဆင့်ဆင့်)
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	ပဋ္ဌိပတ္တိအကျော်အမော်မိုးကုတ်ဆရာတော်
၁၂း၂၀ - ၆း၂၀	Music Gallery (The Best of Melody World 2007)
၁၂း၄၀ - ၆း၄၀	မျက်စိအတွင်းတိမ် ရေတိမ်ရောဂါအကြောင်းသိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အတည်ပြုဖောင် ၄း၃၀

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို)ကြီးကြပ်ရေးအဖွဲ့၏ ပန္နရသမအကြိမ် အစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ ပန္နရသမအကြိမ် အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၇

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့၏ ပန္နရသမအကြိမ် အစည်းအဝေးကို ဇူလိုင် ၆ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက အဖွင့်သြဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အခမ်းအနားမှူးက စုဒ္ဒသမအကြိမ် အစည်းအဝေး မှတ်တမ်းကို ဖတ်ကြား၍ အတည်ပြုချက် ရယူသည်။

ယင်းနောက် ဗဟိုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က စုဒ္ဒသမအကြိမ် အစည်းအဝေးမှတ်တမ်းပါ ဆုံးဖြတ်ချက်များ အကောင် အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လျှောက်ထားသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလျှောက်ထားကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က ဆွေးနွေးလျှောက်ထားပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ချမှတ်အတည်ပြုကြသည်။

ယင်းနောက် သဘာပတိဆရာတော်က နိဂုံးချုပ် သြဝါဒကထာမြွက်ကြားတော်မူပြီး ဝန်ကြီးနှင့်အဖွဲ့က ဆရာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြကာ အစည်းအဝေးကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မွန်းလွဲပိုင်းတွင် ပထမပြန် အထူးအောင် ရွေးချယ်ရေးစာမေးပွဲ ကျင်းပနေသည့် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ရှိ စာမေးပွဲကြီးကြပ်ရေး ဆရာတော်များအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ သင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ပထမပြန် အထူးအောင် ရွေးချယ်ရေး စာမေးပွဲကို ဇူလိုင် ၇ ရက်အထိ ကျင်းပခဲ့ပြီး ပြည်နယ်နှင့် တိုင်းများမှ ရဟန်း သာမဏေများ၊ သီလရှင်များ စုစုပေါင်းအပါး ၉၀ ဝင်ရောက် ဖြေဆိုကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လေဘေးသင့်ဒေသ ဘုန်းတော်ကြီးကျောင်းများ ပြုပြင်ရန် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဇူလိုင် ၇

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ(သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယM.A)က ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် နဝကမ္မ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လက ကြွရောက်ချီးမြှင့်တော်မူကြသော ပုသိမ်မြို့ပေါ်ရှိ ပဓာနနာယကဆရာတော်ကြီးကိုးပါးအား ဝါဆိုသင်္ကန်းများနှင့် နဝကမ္မ အလှူငွေကျပ်တစ်သိန်းစီ လှူဒါန်းပြီး ဓမ္မစေတီဆရာတော်ကိုယ်စား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးကျော်စန်း၏ဇနီး ဒေါ်ရီရီအောင်၊ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့ မှူး ရဲမှူးကြီးသူရတင်လှ၏ဇနီး ဒေါ်မြမြလွင်တို့က ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် နဝကမ္မအလှူငွေကျပ် သိန်း ၁၀၀ ကို တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းရာ **(အောက်ပုံ)** ဆရာတော်မှ သာရဏီယသြဝါဒကထာ ချီးမြှင့်တော်မူသည်။

ဆက်လက်၍ ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လက လှူဒါန်းရသည့် အကြောင်းကို လျှောက်ထားပြီး ဆရာတော်ထံမှ အနုမောဒနာတရား နာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်းနေ သုဝဏ္ဏဒီပ ဆေးဆိုင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၄၅၀၀၀၀တန်ဖိုးရှိ ဆေးများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က-ပ)

ပန်းတစ်ပွင့်တောင်ဆရာတော်အား ဂုဏ်ပြုပူဇော်

ရန်ကုန် ဇူလိုင် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်းခံရသော ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက် နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအား ဦးမိုးကျော်စိုး-ဒေါ်ဟန်ဇာဇာဝင်း၊ ဦးကျော်ဝင်းဒင်-ဒေါ်စန်းမြင့်သန်း၊ ဒေါ်ဇင်မိသားစုတို့က ကြီးမှူးမတည်၍ ရန်ကုန်မြို့ရှိ တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက် ညနေ ၃ နာရီတွင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၏ ထေရုပ္ပတ္တိကို ဘဒ္ဒန္တဉာဏိဿရ (B.A)(Phil)က ဖတ်ကြားပူဇော်ပြီး မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ မင်းသားအောင်ကိုဝင်းက ရတုဖြင့် ပူဇော်သည်။ ထို့နောက် ဆရာတော်ကြီးများနှင့် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ပညာသာရတို့အား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီး **(အောက်ပုံ)** ဝါးပတောဆရာတော် ဘဒ္ဒန္တမုနိန္ဒက ဆရာတော်ကိုယ်စား ဝမ်းမြောက်စကားမိန့်ကြားသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော်ဘဒ္ဒန္တ ဇာဂရာဘိဝံသထံမှ ရေစက်သွန်းချ အနုမောဒနာတရား နာယူကြသည်။

(ကြေးမုံ)

သန်မြန်သူမော်တော်ယာဉ်လိုင်း ဌာနခွဲ(၃)၏ ပထမအကြိမ် နှစ်ပတ်လည် ဂုဏ်ပြုဆုနှင့် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၅၃)ရပ်ကွက် သာသနာ့ဓဇ ဓမ္မာရုံ၌ ကျင်းပရာ ဌာနခွဲ(၃) ခွဲမှူး ဦးလှမြင့် ဂုဏ်ပြုဆုပေးအပ် ချီးမြှင့်စဉ်။

(က-ပ)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး
ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း (ခရိုင်ရုံးမြောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးသိန်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူးသည် ဇွန် ၂၈ ရက်တွင် လှိုင်သာယာမြို့နယ် ဒဂုံဧရာ အဝေးပြေးယာဉ်ရပ်နားစခန်း၊ စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ရုံးခန်းမ၌ ဂိတ်တာဝန်ခံများ၊ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက် ၆၅ ဦးတို့အား ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား ပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

အီရတ်မှ ကန်တပ်ဖွဲ့ထွက်ခွာရေးအစီအစဉ် အိုဘားမားထုတ်ပြန်

ဖာဂို (မြောက်ဒါကိုတာ) ဇူလိုင် ၆

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဘာရက်အိုဘားမားသည် အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များကို ပြန်လည်ခေါ်ဆောင်မည့် အငြင်းပွားဖွယ်ရာအစီအစဉ်ကို ကြာသပတေးနေ့တွင် ထုတ်ပြန်လိုက်သည်။

ပထမပြောကြားစဉ်ကရင်း၏အမြင်ကို ထပ်မံသုံးသပ်ပါဦးမည်ဟု ပြောကြားခဲ့သော်လည်း သူ၏ သဘောထားကို မပြောင်းလဲတော့ကြောင်း နောက်ပိုင်း၌ ထပ်မံကြေညာခဲ့သည်။

မြောက်ဒါကိုတာပြည်နယ် ဖာဂိုတွင် အီရတ်နိုင်ငံမှအမေရိကန်တပ်ဖွဲ့များကိုပြန်ထွက်ခွာစေမည့် ၁၆လကြာ အချိန်ဇယားကိုပြန်လည်သုံးသပ်ဖွယ်ရာ ရှိသည်ဟု ပြောပြီးသည့်နောက် အိုဘားမားသည် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲ ပြန်လုပ်ရန်အတွက် သတင်းထောက်များကို ပြန်ခေါ်ခဲ့သည်။

အိုဘားမားက စစ်ပွဲကို အဆုံးသတ်ရန် ရည်ရွယ်ကြောင်း၊ သမ္မတဖြစ်လာပါက ပထမဆုံးနေ့မှာ ပူးတွဲစစ်ဦးစီးချုပ်ကိုခေါ်ယူ၍ စစ်ကို အဆုံးသတ်ရန် တာဝန်ပေးမှာ ဖြစ်ကြောင်း ဒုတိယအကြိမ် ပြန်လည်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

သုံးသပ်

စောစောကကျင်းပသောသတင်းစာရှင်းလင်းပွဲတွင်မူ အိုဘားမားကအီရတ်နိုင်ငံသို့ သွားရောက်ပြီးနောက် သူ၏သဘောထားကို ပြန်လည်သုံးသပ်နိုင်သည်ဟု ပြောခဲ့သည်။

အိုဘားမားက အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံအတွင်း အချိန်ကာလကြာမြင့်စွာ တပ်စွဲထားခြင်းကို မထောက်ခံကြောင်း၊ သို့သော် အန္တရာယ်ကင်းရှင်းစွာနှင့် စနစ်တကျ ပြန်လည်ထွက်ခွာလာခြင်းကို အလိုရှိကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အမ်အဗ်အရပ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားတစ်စီးကို ဇူလိုင်၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟားမတ်စ် ရုပ်မြင်သံကြားဌာနက အမေရိကန်ကွန်ဂရက်၌ တင်သွင်းသောအဆိုကို ရှုတ်ချ

ဂါဇာ ဇူလိုင် ၇

အမေရိကန်နိုင်ငံ ကွန်ဂရက်တွင် အယ်လ်အက်ဆာ ရုပ်မြင်သံကြားဌာနနှင့် အခြားအရှေ့အလယ်ပိုင်း ရုပ်သံဌာနလေးခုတို့ကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်သည့် အဆိုမူကြမ်းတစ်ရပ်ကို တင်သွင်းခဲ့မှုနှင့် ပတ်သက်၍ ရှုတ်ချကန့်ကွက်ကြောင်း အယ်လ်အက်ဆာရုပ်သံဌာနက ဇူလိုင် ၇ ရက်တွင် ထုတ်ဖော်ကြေညာသည်။

အယ်လ်အက်ဆာ ရုပ်သံဌာနသည် ဂါဇာကမ်းခြေဒေသကို ချုပ်ကိုင်ထားသော ဟားမတ်အဖွဲ့နှင့် အဆက်အသွယ်ရှိသော ဌာနဖြစ်သည်။

အာရပ်ရုပ်မြင်သံကြားဌာနအချို့အား အကြမ်းဖက်အဖွဲ့များအဖြစ် သတ်မှတ်မည့် အဆိုကြမ်းကို အမေရိကန်ကွန်ဂရက်၌ ဇွန် ၂၆ရက်ကတင်သွင်းခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၌ အကြမ်းဖက်မှုများဖြစ်ပေါ်စေရန်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများရန်ပုံငွေရရှိစေရန်လည်းကောင်း၊ ထိုရုပ်မြင်သံကြားဌာနများက စည်းရုံးပေးသည်ဟု ကွန်ဂရက်တွင် တင်သွင်းသည့် အဆိုကြမ်း၌ ဖော်ပြထားသည်။

အမှန်စင်စစ် အယ်လ်အက်ဆာ ရုပ်မြင်သံဌာနသည် တော်လှန်နေသည့် ရုပ်သံဌာနတစ်ခုသာဖြစ်သည်။ ပါလက်စတိုင်းအရေးဘက်မှရပ်တည် ထုတ်လွှင့်ပေးနေပြီး အမေရိကန်နှင့် ဇီယွန်ဝါဒီများ အရှေ့အလယ်ပိုင်း၌ လုပ်ဆောင်နေသည်များကို အများသိရှိစေရန် ဖွင့်ချပေးနေသည့် မီဒီယာဌာနသာဖြစ်သည်ဟု ဖာသီဟာမတ်က ပြောကြားသည်။ ၎င်းသည် ဂါဇာအခြေစိုက် အယ်လ်အက်ဆာ ရုပ်သံဌာန၏ အကြီးအကဲလည်းဖြစ်သည်။ ရုပ်သံဌာန အနေဖြင့် ယင်း၏ လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်ရှိ အိန္ဒိယသံရုံးအနီး ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား၍ ၄၀ကျော်သေဆုံး

ကဘူး ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိ အိန္ဒိယသံရုံးကို တနင်္လာနေ့က အသေခံ ကားဗုံးခွဲတိုက်ခိုက်ရာ သေဆုံးသူနှင့်ဒဏ်ရာရရှိသူ အနည်းဆုံး ၁၅ ဦးခန့်ရှိသည်ဟု တာဝန်ရှိသူများနှင့် အာဖဂန်သတင်းဌာနများက ပြောကြားသည်။

အနောက်နိုင်ငံများက ထောက်ခံပေးထားသော အာဖဂန်နစ္စတန်အစိုးရကို ဖြုတ်ချရန်နှင့် နိုင်ငံခြားတပ်ဖွဲ့များကို မောင်းထုတ်ရန်အတွက် ယခုနှစ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုကို တိုးမြှင့်လုပ်ဆောင်သွားရန် တာလီဘန်သူပုန်များက သန္နိဋ္ဌာန်ချထားသည်ဟု ဆိုသည်။

အိန္ဒိယသံရုံးသည် အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။ သို့သော်ဗုံးခွဲသူသည် ပြည်ဝင်ခွင့်လက်မှတ်အတွက် တန်းစီစောင့်ဆိုင်းနေကြသော ဒါဇင်ပေါင်းများစွာရှိသည့် သံရုံးဘက်ခြမ်းလမ်းကို အသေခံကားဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ အသေအပျောက်စာရင်းကိုမူ ပြောကြားခြင်းမရှိပေ။

ပုဂ္ဂလိကပိုင်ရုပ်သံက လူ ၁၅ဦးခန့်သည် သေဆုံး(သို့မဟုတ်) ဒဏ်ရာရရှိသွားသည်ဟုကြေညာသည်။ ဆေးရုံအရေးပေါ်ဌာန၏ ပြောကြားချက်ကိုကိုးကား၍ ဒဏ်ရာရရှိသူ ၂၀ခန့် ဆေးရုံသို့ ရောက်ရှိလာသည်ဟု ထပ်မံကြေညာသွားသည်။

ဗုံးပေါက်ကွဲရာနေရာမှ မီးခိုးလုံးကြီးများ တက်လာပြီး ရဲတပ်ဖွဲ့က ထိုနေရာတစ်ဝိုက်ကို ရှင်းလင်းလျက်ရှိကြောင်း ဆက်လက်ကြေညာသည်။

[စီအင်န်အင်န်သတင်းဌာနမှ နောက်ပိုင်းထုတ်ပြန်သော သတင်းအရ အနည်းဆုံး ၄၁ ဦး သေဆုံးကြောင်း သိရသည်။]

အမ်အင်အေ၊ရိုက်တာ။

အသေခံတိုက်ခိုက်သူ ငါးဦးအား ပါကစ္စတန်တပ်ဖွဲ့ဖမ်းဆီး

လာဟိုး(ပါကစ္စတန်) ဇူလိုင် ၆

တာလီဘန်များကို လိုလားသော စစ်သွေးကြွ ငါးဦးက အသေခံတိုက်ခိုက်ရန်လျှို့ဝှက်ကြံစည် ဆောင်ရွက်နေစဉ် ပါကစ္စတန်တပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစိုးရတပ်ဖွဲ့များသည် ခိုင်ဘာဒေသ အနောက်မြောက်ပိုင်းတွင် ရှင်းလင်းရေးလုပ်ငန်း စတင်ခဲ့ပြီးနောက် အင်္ဂါနေ့ ညပိုင်းက လာဟိုးမြို့ အရှေ့ဘက်တွင် ရုတ်တရက် ဝင်ရောက် ရှာဖွေခဲ့ရာမှ ဗုံးများတပ်ဆင်ထားသည့် အသေခံဝတ်စုံများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ လက်နက်များနှင့်အတူ သံသယရှိသူများကို ဖမ်းဆီးမိခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင် မိုင်းတွင်း၌ မြေပြို၊ နှစ်ဦးသေဆုံးပြီး လူအများအပြား ပျောက်ဆုံးနေ

မနီလာ ဇူလိုင် ၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမိုင်းတွင်းဒေသတွင် မုတ်သုံမိုး ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ရာ ယာယီတဲများ မြေမြှုပ်ပျက်စီးသွားပြီး လူဒါဇင်ပေါင်းများစွာမှာ ပျောက်ဆုံးနေကြောင်းဒေသဆိုင်ရာ အရာရှိများက ဇူလိုင်၃ရက်တွင်ပြောကြားသည်။

အဆိုပါမြေပြိုမှုမှာ ဇူလိုင် ၂ ရက်နေ့ ညနေပိုင်း၌ ဖြစ်ပွားခဲ့ပြီး မိုင်းတွင်းများ ပြိုကျခဲ့ရာလူပေါင်း ၄၀ခန့် ပျောက်ဆုံးနေကြောင်းနှင့် လူအချို့မှာ မိုင်းတွင်း၌ ပိတ်မိနေကြောင်းမင်ဒါနာအိုကျွန်း ဆူတန်ကူဒါရက်ပြည်နယ်ရှိ ကျေးရွာသူကြီး အာနက်စ်တိုကာဇာက ပြောကြားသည်။

မြေပြိုမှုတွင်အလောင်းနှစ်လောင်းသာ တွေ့ရှိခဲ့ပြီး ပြိုကျသွားသော မြေသားများအတွင်း၌ လူပေါင်း ၄၀ ခန့် နစ်မြုပ်နေနိုင်သည်ဟု ကာဇာက ပြောကြားသည်။ ထို့ပြင်အခင်းဖြစ်ပွားရာနေရာ၌ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသော တပ်ဖွဲ့ဝင်များအား ရွာသားများက ဝိုင်းဝန်းရှာဖွေကူညီပေးနေသည်ဟု ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါမြေပြိုမှုများ ဖြစ်ပွားရာဒေသတွင်း၌ ဆက်လက်လုပ်ကိုင်ရန် အန္တရာယ် ရှိ၊ မရှိကို ဆုံးဖြတ်ပေးနိုင်ရေးအတွက် အသေးစား မိုင်းတွင်းလုပ်ငန်းများကို စစ်ဆေးရန် ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့သည်ဟု မိုင်းတွင်းနှင့် ဘူမိသိပ္ပံဗျူရိုအဖွဲ့မှ ညွှန်ကြားရေးမှူး ကွန်စတန်စီရိုဖေးက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာမှာဖိလစ်ပိုင်နှင့် တောင်ကိုရီးယား ကုမ္ပဏီတို့ လုပ်ကိုင်သည့် ကြေးနီနှင့် ရွှေတူးဖော်ရာမိုင်းတွင်း၌ ဖြစ်ကြောင်း ဖေးက ထပ်မံပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကက်ရှ်မီးယားပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွား တပ်ဖွဲ့ဝင်ငါးဦးနှင့် စစ်သွေးကြွသုံးဦးသေဆုံး

ဆရီနာဂါ (အိန္ဒိယ) ဇူလိုင် ၆

အိန္ဒိယနိုင်ငံကက်ရှ်မီးယားပြည်နယ်တွင် ဇူလိုင် ၄ရက်က စစ်ဆင်ရေးပြုလုပ်ရာ ပါကစ္စတန်နိုင်ငံအခြေစိုက် စစ်သွေးကြွအုပ်စုခေါင်းဆောင်တစ်ဦးနှင့်၎င်း၏အစောင့်အကြပ်တစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူစစ်သွေးကြွခေါင်းဆောင်အဘူအတစ်ဖ်သည်နိုင်ငံအတွင်းအကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ၎င်း၏လက်ချက်ကြောင့် အရပ်သားနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် အနည်းဆုံးလူ ၅၀ သေဆုံးခဲ့ရသည်။

ဇူလိုင်၄ရက်က သီးခြားတိုက်ခိုက်မှုဖြစ်ပွားရာတွင်အိန္ဒိယတပ်ဖွဲ့ဝင် ငါးဦးခန့်နှင့် စစ်သွေးကြွတစ်ဦး သေဆုံးကြောင်း၊ ယင်းဖြစ်ပွားမှုတွင် သေဆုံးသူ၁၈ဦးထိရှိလာနိုင်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးများ ဖုံးလွှမ်းနေသည်ကို ဇူလိုင် ၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါစစ်ဘက်တပ်ဖွဲ့ဝင်တစ်ဦး အရှေ့အလယ်ပိုင်းစခန်းတွင်သေဆုံး

အော့တဝါ ဇူလိုင် ၆

အရှေ့အလယ်ပိုင်းစစ်စခန်းတစ်ခုတွင်ကနေဒါနိုင်ငံမှ စစ်ဘက်တပ်ဖွဲ့ဝင်တစ်ဦးသည် ၎င်း၏အိပ်ခန်းအတွင်း သေဆုံးလျက်ရှိသည်ကိုတွေ့ရကြောင်း တာဝန်ရှိသူများကစနေနေ့တွင်ပြောကြားသည်။ အဆိုပါ စစ်ဘက်တပ်ဖွဲ့ဝင် တပ်ကြပ်ဘရင်ဒန်အန်သိုနီဒေါင်းနေသေဆုံးရခြင်းသည်ရန်သူလက်ချက်ကြောင့် သေဆုံးရခြင်း မဟုတ်ကြောင်း ကနေဒါစစ်ဘက်မှထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြထားသည်။ ကနေဒါဝန်ကြီးချုပ် စတီဖင်ဟာပါက သေဆုံးသူ၏ မိသားစုကို ကိုယ်ချင်းစာနာပါကြောင်း ကြေညာချက်ထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ်တွင် ကျင်းပသော လွတ်လပ်ရေးနေ့ အခမ်းအနား၌ မီးရှူးမီးပန်းများ မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားပြီး ဒဏ်ရာရသူများအား ဆေးရုံပို့ရန် ပြင်ဆင်နေသည်ကို ဇူလိုင် ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ‌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၇

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေပြီး အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

မောင်မောင်ထွေး(သတင်းစဉ်)၏ သတင်းဆောင်းပါး စာမျက်နှာ-၇၉

"ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် ၂၆၄ဦး ပါဝင်သောအဖွဲ့သည် လပွတ္တာမြို့နယ် လှိုင်းဘုန်း၊ ပြင်စလူ၊ ဆင်ခြေရာ၊ စလူဆိပ်ကျေးရွာတို့နှင့် ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်း၊ စက်ဆန်းကျေးရွာတို့သို့ ဇွန်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့ကြပြီး လေဘေးသင့်ဒေသရှိ ကျေးရွာများ၏ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိ"

အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၇

၂၀၀၈ ခုနှစ် ဇူလိုင် ၇ ရက် မြန်မာစံတော်ချိန် နံနက်၉နာရီ၂၁မိနစ် ၅၂စက္ကန့်တွင် မန္တလေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင်၃၀၀ခန့် ကွာဝေးသောနေရာ (မြန်မာ-အိန္ဒိယနယ်စပ်) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)